**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ**

**စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**လူထုဗဟိုပြုစီမံကိန်း၊မြောင်မြို့နယ်**

**ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

---

ပရိမ္မကျေးရွာအုပ်စု၊အောင်ချမ်းသာကျေးရွာ

လူထုစည်းရုံးရေးမှူးအမည်-ဒေါ်ခင်စုနိုင်

လက်ထောက်နည်းပညာမှူးအမည်-ဒေါ်အိဖြိုးဝေ

၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ၊၂၆ရက်




**ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်း နှင့် လူမှုဆန်းစစ်ခြင်း ကျေးရွာအဆင့်၌ ရွေးချယ်တင်မြှောက်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲခြင်းမှတ်တမ်း**

## မာတိကာ


၁။မြို့နယ်မြေပုံ
၂။ကျေးရွာမြေပုံ(တည်နေရာ)
၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများ စာရင်း
၄။ကျေးရွာအခြေခံအချက်အလက်များ
၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ
၈။ကော်မတီဝင်များစာရင်း
၉။ကျေးရွာအချက်အလက်(ပုံစံ-၁)
၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)
၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)
၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)
၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ
၁၄။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

## ၁။မြို့နယ်မြေပုံ



မြောင်မြို့နယ်၏ အခြေပြမြေပုံ
စကေး ၁ လက်မ = ၂ မိုင်
စစ်ကိုင်းတိုင်းဒေသကြီး
ချောင်းဦးမြို့နယ်
မြင်းမူမြို့နယ်
ဒါန်းစွန်မြို့နယ်
မန္တလေးတိုင်းဒေသကြီး
မြင်းခြံမြို့နယ်
ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး
33/11 KV,5MVA
70 mm2
1KV မြင်းမူ-မြောင်လိုင်း
95 mm2
66KV ဆီမီးခုံ-ပရိမ္မလိုင်း
ACSR 150 mm2
ရည်ညွှန်းချက်
- တိုင်းခြား
- မြို့နယ်ခြား
- ကျေးရွာအုပ်စုခြား
- မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်
- ကျေးရွာအုပ်စု (၄၈)အုပ်စု
- ကတ္တရာလမ်း
- ကျောက်စင်းလမ်း
- မြစ်/ချောင်း
- မြို့နယ်ထွေ/အုပ်ရုံး

## ၂။ကျေးရွာမြေပုံ(တည်နေရာ)



## ၃။ပရိမ္မအုပ်စုတွင်ပါဝင်သောကျေးရွာများ

(၁)ပရိမ္မကျေးရွာ

(၂) အောင်ချမ်းသာကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

အောင်ချမ်းသာကျေးရွာသည် ယခင်ရေလယ်ကျွန်းမှရှိသော ကျောက်တန်းပေါ်ကျွန်းထွန်းရာမှ ကျောက်တန်းကျွန်းရွာဟုခေါ်တွင်ခဲ့သည်။ ၁၃၃၁ ခုနှစ် တော်လှန်ရေးကောင်စီခေတ်တွင်ကမ်းပါး ပြို၍ မြစ်၏တစ်ဖက်ကမ်းရွှေ့ပြောင်းရန် မကွေးတိုင်းမှ စစ်ကိုင်းတိုင်းဘက် ပရိမ္မကျွန်းကျေးရွာ၏ တောင်ဘက် ပရိမ္မ ရွာပိုင် ယာမြေများပေါ်တွင် ၁၃၃၁ခုနှစ်အောင်ချမ်းသာကျေးရွာဖြစ်လာသည်။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၁၂၂ | ၂၃၈ | ၃၀၉ | ၅၄၇ |

### လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | | | | |
| ဘုရင်ဂျီ | | | | |
| ရှမ်း | | | | |

### ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၂၅ | ၉ | ၂၁ | ၃၀ |
| အမျိုးသမီးဦးဆောင် | ၃၀ | ၃၀ | ၄၈ | ၇၈ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |
| မြေယာမဲ့ | - | - | - | - |

### ကျေးရွာရှိအခြေခံ အဆောက်အအုံများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရား | ✓ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | | ခရစ်ယန်ဘုရားကျောင်း | |
| အခြား | | အခြား (ရဲစခန်း) | | ဗလီ | |

**အဓိကစီးပွားရေးလုပ်ငန်းများ**

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | နွား | ဈေးဆိုင် | လက်လုပ်လက်စား |
| ပဲအမျိုး | | | ပြောင်းရွှေ့လုပ်သား |
| နှမ်း | | | |
| | | | |

**ကျေးရွာတွင်းအဓိက ပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင် ဆိုင်မှုများ | စိုက်ပျိုး ရေးမြေ | စားကျက် မြေ | သစ်တော မြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း လက်ရေတွင်း | စက်ရေ တွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ကိုင်းမြေ ၁၀၀ ဧက | မရှိ | မရှိ | ရှိ | ၇ | ၄ |
| ကျေးရွာပိုင် ဆိုင်မှုများ | - | ဆိုင်ကယ် | ချွေ လှေ့စက် | ပဲခွဲစက် | ကုန်စုံဆိုင် အငယ် | လှက် ရည်ဆိုင် |
| အရေအတွက် | | ၆၀ | | | ၄ | |

**ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**

| ကျေးရွာပိုင် ဆိုင်မှုများ | ရေတာင်စက် | ထွန် | ထယ် | ကျွဲ | နွား | လှည်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅ | ၄ | ၄ | - | ၅၀ | ၂ |
| ကျေးရွာပိုင် ဆိုင်မှုများ | ဝွန်ဒေါင်း | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် | ထော်လာဂျီ |
| အရေအတွက် | - | ၆၀ | ၂၅ | ၆၀ | - | - |

၅။လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြနှင့် သယံsocial map/ Resource map) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၁၉ | ၃၂ | ၅၁ | အိမ်များ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေများ၊မြစ်ချောင်းများ၊ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၁၉ | ၃၂ | ၅၁ | ကျေးရွာလူမှုစီးပွား၊အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူသတ်မှတ်ခြင်း |
| ၃ | ရာသီခွင်ပြက္ခဒိန်(seasonal ccalendar) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၁၉ | ၃၂ | ၅၁ | ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ပညာရေး၊ပွဲတော်များ၊ရွှေ့ပြောင်းလုပ်သား |
| ၄ | အမျိုးသား/သမီး ပိုင်ဆိုင် မှု ပြဇယား(Acesses and Control) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၃၂ | ၅၂ | အမျိုးသား/သမီး တို့၏ အရင်းအပြစ်အပေါ် မည်သူကပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း၊ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၃၂ | ၅၂ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများမည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၆ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၂.၁.၂၀၁၅ | ကျေးရွာလူထု | ၂၀ | ၃၂ | ၅၂ | အမျိုးသားနှင့်အမျိုးသမီးများတျန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အဓိကအခက်အခဲ ပြဿနာများ | ၂၄.၁၂.၂၀၁၅ | အမျိုးသမီး အုပ်စု | | ၄၈ | ၄၈ | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |
| ၈ | အဓိကအခက်အခဲ့ ပြဿနာများ | ၂၄.၁၂.၂၀၁၅ | အမျိုးသား အုပ်စု | ၃၇ | | ၃၇ | ဆွေးနွေးထားသောအခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ပညာရေး၊ ကျန်းမာရေး |
| ၉ | ကျေးရွာ၏(၅)နှစ် စာဦးစားပေးအစီ အစဥ်ပြုဇယား | ၂၄.၁၂.၂၀၁၅ | ကျေးရွာ လူထု | ၃၇ | ၄၈ | ၈၅ | အကျိုးပြုဦးရေ၊အကျိုးခံစား ခွင့်နှင့်အဓိကလိုအပ်ချက် များပေါ် မူတည်၍ဆုံးဖြတ် သည်။ |
| ၁၀ | ပြဿနာ၊အခွင့်အ ရေး၊လက်ရှိအခြေ အနေနှင့်ပြောင်းလဲ မှုညွှန်းကိန်း | ၂၄.၁၂.၂၀၁၅ | ကျေးရွာ လူထု | ၃၇ | ၄၈ | ၈၅ | ပြဿနာ၊အခွင့်အရေး၊လက် ရှိအခြေအနေနှင့်ပြောင်းလဲ မှုညွှန်းကိန်း |

## ၆.၁။ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေဆုံး | မြေကေ (၁၀) ကေအထက်၊တိုက်အိမ်၊ မော်တော်၊ဆိုင်ကယ် | ၄ | ၃% |
| အဆင့်အတင့်အဆင်ပြေ | မြေကေ (၅) ကေအထက်၊နံကပ်အိမ်၊ ကုန်စုံဆိုင်၊စက်လှေ၊ဆိုင်ကယ် | ၆၀ | ၅၀% |
| နည်းနည်းနွမ်းပါး | မြေကေ (၅) ကေအောက်၊ရိုးရိုးအိမ်၊ ဆိုင်ကယ် | ၃၈ | ၃၁% |
| အနွမ်းပါးဆုံး | မြေ(၁) ကေလက်လုပ်လက်စား၊သက်ကယ်မိုး ၊ထရံကာ | ၂၀ | ၁၆% |
| စုစုပေါင်း | | ၁၂၂ | ၁၀၀% |

### ဥစ္စာဓနအင်အားပြသုံးသပ်ချက်

ကျေးရွာတွင်းတွင် နွမ်းပါးသော အိမ်ထောင်စု (၂၀) အိမ်ထောင်စုရှိပါသည်။

ဆင်းရဲနွမ်းပါးရသည့် အဓိကအကြောင်းအရင်းမှာ လုပ်ကိုင် စားသောက်ရန်လယ်ယာမြေမရှိခြင်း ၊ နှုန်းမြေသည် ကျေးရွာတွင် အလှည့်ကျအနေဖြင့် ရသော်လည်း ရင်းနှီးရန် အရင်းအနှီးမရှိခြင်း၊ နေ့စားကျဘမ်း လုပ်ငန်းများသာ လုပ်ကိုင်ကြရသောကြောင့် ပုံမှန် ဝင်ငွေမရှိဘဲ ကလေးများ၏ ပညာရေးကို အလေးမပေးနိုင်ခြင်း၊

ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နွမ်းပါးသူတို့ကို အကျိုးပြုမည့်လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရန်လိုအပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များ နွမ်းပါးသော အိမ်ထောင်စု များတိုးတက်ကောင်းမွန်၍ ကျေးရွာတခုလုံး ဖွံ့ဖြိုးတိုးတက်စေမည့်အစီအစဉ်များမှာ-

၁။ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း

၂။ ရေပေးဝေရေး

၃။ ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း

၄။စိုက်ပျိုးရေးနည်းစနစ်များ နှင့် မျိုးကောင်းမျိုးသန့်များရရှိရန်

## ၆.၂။ရာသီခွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



## ရာသီခွင်ပြဇယားသုံးသပ်ချက်

စိုက်ပျိုးရေးပေါ် မူတည်၍ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ ပဲမျိုးစုံ ၊စပါး၊ကြက်သွန်၊ ပဲဖြူပြား၊ ပဲဂေါ်င်းကြား၊ ပဲလွန်းပြာ၊ ကုလားပဲ၊ မြေပဲ၊ မတ်ပဲ၊ နှမ်းပန်း စသည့် သီးနှံများကို အဓိကစိုက်ပျိုးပြီး ဟင်းသီးဟင်းရွက်သီးနှံများအဖြစ် ရေကဖွန်း၊ ချဉ်ပေါင်၊ ဘူး၊ သခွား စသည့် သီးနှံများလည်း စိုက်ပျိုးကြပါသည်။ ပိုးသတ်ဆေး နေဖြင့် မတ်ပဲ၊ပဲလွန်းပြာ၊မြေပဲ၊ ကုလားပဲများကိုသာ ဆေးဖျန်းရပြီး အခြားသီးနှံများကို ဆေးဖျန်းစရာမလိုပါ။ စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စု (၁၀၈)ခန့် ရှိပါသည်။ ချင်းတွင်းမြစ်တဖက်ကမ်းရှိ ကျွန်းမြေများကိုကျေးရွာတွင်းရှိ အိမ်ထောင်စုများ အလှည့်ကျ ပိုင်ဆိုင်၍ စိုက်ပျိုးရသည့်အတွက် မြေယာမဲ့အိမ်ထောင်စု မရှိသော်လည်း ၊ စိုက်ပျိုးစရိတ်အခက်အခဲကြောင့် မြေအငှားပေးရသည့် အိမ်ထောင်စုများလည်းရှိပါသည်ဟု ဆွေးနွေးသိရှိခဲ့ရပါသည်။ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းတွင် တစ်ရွာလုံး အမျိုးသမီး (၇၅%) ခန့် ပါဝင်ပါသည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်း နှင့် ပတ်သတ်၍ အဓိကပြဿနာများမှာ စိုက်ပျိုးရေးနည်းစနစ်များ ရရှိရန်ခက်ခဲခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်းတို့ဖြစ်ပါသည်။ ချင်းတွင်းမြစ် တဖက်ကမ်းရှိ ကျွန်းမြေများသို့သွားရောက်စိုက်ပျိုးကြရပါသည်။ မွေးမြူရေး နှင့် ပတ်သတ်ပြီး နွားဖျ၀က် တိရစ္ဆာန်ကပ် ရောဂါများ တခါတရံမှ ကျရောက်တတ်ပါသည်။

အမျိုးသမီး ဦးစီးသော အိမ်ထောင်ဦးစီး (၃၀) ခန့်ရှိပါသည်။

စိုက်ပျိုးရေး အလုပ်အကိုင်ရှားပါးချိန်တွင် ဖရဲစိုက်ရန် ကုန်ကြမ်း(ဒုတ်) ပြုလုပ်ခြင်း ၊ ထင်းဆယ်ခြင်း ၊ သဲ ၊ကျောက် စုခြင်းများ လုပ်ကိုင်ကြပါသည်။ နွမ်းပါးသော အိမ်ထောင်စု အချို့သည်လည်း ငှင်းလုပ်ငန်းများ လုပ်ကိုင်၍ သော်လည်းကောင်း ၊ နေ့စားလုပ်ငန်းများ လုပ်ကိုင်၍ သော်လည်းကောင်း

အသက်မွေး ဝမ်းကျောင်း ပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိလူငယ်များ အလုပ်အကိုင်ရှားပါးသည့် အခက်အခဲ များကိုလည်း ဆွေးနွေးခဲ့ရပါသည်။

လူတဦး၏ ပျမ်းမျှဝင်ငွေ ခန့်မှန်း၍မရပါ။ အလုပ်အကိုင်ပေါ်များချိန်တွင် တနစ်စာဝင်ငွေ ဖူလုံပြီး အလုပ်အကိုင်ရှားပါးချိန်တွင် မဖူလုံပါ။ ပုံမှန်မရှိပါ။

အမျိုးသမီးများ၏အသက်မွေးကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ ဖရဲဒုတ်ပြုလုပ်ခြင်း၊ သဲကျောက်စုခြင်း၊ များဖြစ်ပြီး အိမ်မှုကိစ္စများဆောက်ရွက်နေရသောကြောင့် ဝင်ငွေရရှိမှုနည်းပါးပါသည်။

အမျိုးသား အမျိုးသမီး လုပ်အားခ တန်းတူမရပါ။

အမျိုးသားများမှအိမ်မှုကိစ္စတွင်အမျိုးသမီးများအားတဖက်တလမ်းမှကူညီခြင်းဖြင့်လက်တွဲခေါ်နိုင်မည်။

ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သောအချက်များမှာ

-စိုက်ပျိုးရေးနည်းစနစ်များရရှိရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း

-အသေးစားငွေစုငွေချေးလုပ်ငန်းများရရှိရန်

-အလုပ်အကိုင်အခွင့်အလမ်းများကို လက်လှမ်းမှီသိရှိနိုင်ရန်

## ၆.၃။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ



**အရင်းအမြစ်နှင့် လူမှုရေးပြမြေပုံ သုံးသပ်ချက်**

အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ စိုက်ပျိုးမြေများမှာ ကုန်းမြေနှင့် နန်းမြေဟူ၍ နှစ်မျိုးရှိပါသည်။ ကုန်းမြေတွင် ရာသီဥတုပေါ်မူတည်၍ စိုက်ပျိုးနိုင်ပြီး နန်းမြေပေါ်တွင် မြစ်ရေကျသွားချိန်မှသာ စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးမြေများ လျော့နည်း လာရပါသည်။နှစ်စဉ်ရေတိုက်စား၍ ကမ်းပါးပြိုကျခြင်းကြောင့် မြစ်ကမ်းနဘေးရှိနေအိမ်များ အတွက် စိုးရိမ်ရမှုများရှိပါသည်။ ချင်းတွင်းမြစ်ကမ်းနဘေးတွင်တည်ရှိသောရွာလေးဖြစ်သောကြောင့် ရေကာတာရှိလျှင် ပို၍ အဆင် ပြေပါသည်ဟု ဆွေးနွေးသိရှိခဲ့ရပါသည်။ သောက်သုံးရေကို ချင်းတွင်းမြစ်ရေကို ခပ်၍ သောက်သုံး ရပါသည်။ ချ င်းတွင်းမြစ် ကမ်းပါးစောက် ကို တက်၍ သောက်သုံးရေ ခပ်ရသဖြင့် သောက်သုံးရေ အခက်အခဲရှိပါသည်။ သက်ကြီးရွယ်အို များအနေဖြင့် သောက်သုံးရေအတွက် ဒုက္ခရောက်ကြရ
ပါသည်။အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းသွယ်တန်းနိုင်လျှင်ကျေးရွာတစ်ရွာလုံး အဆင်ပြေ ဝမ်းသာကြရပါမည်။ူ

ကျေးရွာတွင် အိမ်တိုင်းစေ့လျှပ်စစ်မီးမသွယ်တန်းနိုင်သေးပါ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုတိုင်း လျှပ်စစ်မီးသွယ်တန်းနိုင်လျှင် မီးမရရှိသေးသည့် အိမ်ထောင်စုများ အနေဖြင့် သိမ်ငယ်မှုများ မခံစားရတော့ဘဲ လူနေမှုအဆင့်များမြင့်မားလာပြီး နည်းပညာများလည်း လက်လှမ်းမှီလာမည်ဖြစ်ပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီနှင့် ရေကျသွားချိန်တွင် သွားလာရေး အဆင်မပြေပါ။

ကျန်းမာရေး ကိစ္စများအရေးတကြီးပေါ်ပေါက်လျှင် အသက်အန္တရာယ်စိုးရိမ်ရပါသည်။ ကျေးရွာတွင် ဆေးခန်းမရှိပါ။ ဆရာဝန်လည်းမရှိပါ။ ယခုလက်ရှိ သာမန်ကျန်းမာရေး အခြေအနေများကို ပရိမ္မ ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းသို့သွားရောက်ကြရပါသည်။ကျန်းမာရေးအရေးကြီးကိစ္စ များပေါ်ပေါက်သည့်အခါသွားလာမှုလည်းခက်ခဲပါသည်။ ကျန်းမာရေးလူနာတင်ကား ရှိလျှင်ကောင်းပါမည်ဟုဆွေးနွေးရပါသည်။

ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လျှင် ရေမြုပ်သည့် အိမ်ထောင်စုများမှာ ရေမဝင်သည့် ကျေးရွာ အရှေ့ပိုင်းသို့ လာရောက်နေထိုင်ကြရပါသည်။

ကျေးရွာတွင်းတွင် လူတန်းစားအမျိုးမျိုး ပြန့်ကျဲစွာနေထိုင်ပြီး ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ် ကြပါသည်။

**ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သောအချက်များ**


-ရေကာတာတည်ဆောက်ခြင်း

-အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းသွယ်တန်းခြင်း

-လျှပ်စစ်မီးကြိုးတိုးချဲ့သွယ်တန်းခြင်း

-ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

-လူနာတင်ကား




**၆.၄။ဗင်းပုံစံကို အသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်**

**အဖွဲ့အစည်းချိတ်ဆက်ဆောင်ရွက်မှုဇယားသုံးသပ်ချက်**

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးသည် ကျေးရွာတွင်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကျေးရွာလုံခြုံမှုရှိစေရန် အုပ်ချုပ်ရေးတို့တွင်အဓိကဆောင်ရွက်သည်။

ရွှေပေါင်လောင်ဂေါပကအဖွဲ့၊ဓမ္မစကြာ အဖွဲ့များသည် ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြသည်။

လူထုဗဟိုပြုစီမံကိန်း နှင့် ပက်မြန်မာငွေစုငွေချေးအဖွဲ့များသည် ကျေးရွာလူထုနှင့် အဓိကပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိက ထားလုပ်ဆောင်ပါသည်။


ကျေးရွာလူထုကျန်းမာရေးအတွက် ဆေးရုံကော်မတီကဆောင်ရွက်ပါသည်။

လူငယ်ပရဟိတ အဖွဲ့၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မီးလင်းရေးကော်မတီ၊ အရံမီးသတ်အဖွဲ့ အစည်းများလည်းရှိပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးသည် တိုက်နယ်ရဲစခန်း ၊မြို့နယ်လျှပ်စစ်၊တိုက်နယ်ကျန်းမာရေး၊ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သည်။ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ၊လမ်း၊ တံတား၊ ရေပေးရေး တို့တွင် အုပ်ချုပ်ရေးမှူးမှတဆင့် ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်သည်။ ကျေးရွာလူထု အဖွဲ့အစည်း များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်ပြီး အရေးပေါ်အခြေအနေတွင် မြို့နယ်နှင့် ချိတ်ဆက်ဆောင်ရွက်သည်။

စိုက်ပျိုးရေးနည်းပညာများရရှိရန်၊မျိုးကောင်းမျိုးသန့်များရရှိရန်၊အိမ်တွင်းမှုသင်တန်းများရရှိရန်အသိ ပညာဗဟုသုတများရရှိရန်သက်ဆိုင်ရာဌာနများ၊အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့်ပိုမိုချိတ်ဆက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

## ၆.၅။ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ခြင်း




## ပင့်ကူအိမ်သုံးသပ်ချက်


အမျိုးသမီးများသည် ဂင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ဦးဆောင်နိုင်မှု တို့တွင် အားနည်းပါသည်၊ အမျိုးသမီးများသည် ဂင်ငွေရှာနိုင်မှု နည်းပါးပြီး အိမ်မှုကိစ္စ တွင်ရာနှုန်းပြည့် လုပ်ဆောင်ကြရသည်။

ပညာတတ်မြောက်မှုတွင် အမျိုးသား၊အမျိုးသမီး တန်းတူရှိသည်ကို တွေ့ရှိရပါသည်။

အစည်းအဂေးတက်ရောက်မှုတွင် အမျိုးသမီးများ အားသာနေသည်ကို တွေ့ရှိရပြီး အစည်းအဂေး ပွဲများတွင် အမျိုးသမီးများကို ဦးဆောင်ပါဂင်ဆွေးနွေးစေခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ များတွင် အမျိုးသား

အမျိုးသမီး လုပ်အားခတန်းတူ ရရှိသည်ကို သိရှိစေပြီး လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်စေခြင်းတို့ဖြင့် ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲ ရှိလာပြီး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တက်စေပါသည်။

## ၆.၆။သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားနှင့် သုံးသပ်ချက်



အရင်းအမြစ်များအသုံးပြုခြင်းနှင့်ထိန်းချုပ်ခြင်းဇယား

ကျေးရွာ - ဒေါင်ချမ်းသာ အုပ်စု - ပရိမ္မ ရက်စွဲ - ၂၈.၁၂.၁၆

| အရင်းအမြစ်များအသုံးပြုခြင်း | | အရင်းအမြစ်များထိန်းချုပ်ခြင်း | | |
|---|---|---|---|---|
| အမျိုးသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | အမျိုးသား/သမီး |
| မြစ်ချောင်း | သစ်တော | ဆိုင်ကယ် | အပ်ချုပ်စက် | |
| လှည်း | ဆိုင်ကယ် | သစ်တော | ယက္ကန်းစင် | |
| ဆိုင်ကယ် | သဲကျောက် | မြစ်ချောင်း | | |
| သဲကျောက် | လယ်ယာ | လှည်း | | |
| လယ်ယာ | အပ်ချုပ်စက် | လယ်ယာ | | |
| လယ်ထွန်စက် | ယက္ကန်းစင် | လယ်ထွန်စက် | | |

**အရင်းအမြစ်များအသုံးပြုခြင်းနှင့် ထိန်းချုပ်ခြင်းဇယားသုံးသပ်ချက်**

ဘောလုံးကွင်း၊ လယ်ထွန်စက်၊ ကျွဲ ၊နွား ၊ ထော်လာဂျီ၊ ကား၊ မြစ်ချောင်း တို့ကို အမျိုးသားများ အသုံးပြုပြီး သူတို့ကိုယ်တိုင် ထိန်းချုပ်

ဆိုင်ကယ် - အမျိုးသား ၊အမျိုးသမီး အသုံးပြု / အမျိုးသားထိန်းချုပ်

အပ်ချုပ်စက် ၊ဈေးဆိုင် - အမျိုးသမီးသုံးစွဲ - အမျိုးသမီး ထိန်းချုပ်

လယ်ယာမြေ - အမျိုးသား၊ အမျိုးသမီး သုံးစွဲ / ထိန်းချုပ်

အမျိုးသမီးများ အား ဆုံးဖြတ်ချက်ချစေခြင်း၊ လုပ်ငန်း ကိုယ်တိုင်ခေါင်းဆောင်၍ဆောင်ရွက်စေခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တက်စေပါသည်။

**၆.၇။ အမျိုးသား၊ အမျိုးသမီးတင်ပြသော အခက်အခဲပြဿနာများ ၊မျှော်မှန်းချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

**အမျိုးသားများတင်ပြသောအခက်အခဲများ**

၁။သောက်သုံးရေဖူလုံမှုမရှိသည့်အခက်အခဲ

၂။လျှပ်စစ်မီးအိမ်တိုင်းစေ့မရှိသည့်အခက်အခဲ

၃။ရွာတွင်းလမ်းများသွားလာရေးအဆင်မပြေခြင်း

၄။စိုက်ပျိုးရေးနှင့်ပတ်သတ်၍ နည်းပညာရရှိရန်ခက်ခဲခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း

၅။ကျန်းမာရေးဆေးပေးခန်းမရှိခြင်း

၆။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း

၇။မြစ်ကမ်းပါးဘေးရှိအိမ်များအန္တရာယ်ရှိခြင်း

၈။စိုက်ပျိုးစရိတ်နှင့် ရင်းနှီးရန်ခက်ခဲခြင်း

**အမျိုးသမီးများတင်ပြသောအခက်အခဲပြဿနာများ**

၁။သောက်သုံးရေအလုံအလောက်မရရှိမှု

၂။ရွာတွင်းလမ်းမကောင်းခြင်း

၃။ကျေးလက်ဆေးပေးခန်းမရှိခြင်း

၄။ကျန်းမာရေးအတွက်သွားလာရန်ခက်ခဲခြင်း

၅။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း

၆။စိုက်ပျိုးရေးနှင့်ပတ်သတ်၍ နည်းပညာရရှိရန်ခက်ခဲခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိရန်ခက်ခဲခြင်း

၇။စိုက်ပျိုးစရိတ်နှင့် ရင်းနှီးရန်ခက်ခဲခြင်း

၈။မြစ်ကမ်းပါးဘေးရှိအိမ်များအန္တရာယ်ရှိခြင်း

**အမျိုးသားများတင်ပြသောမျှော်မှန်းချက်များ**

၁။အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းဖြင့်သောက်သုံးရေဖူလုံရမည်။

၂။လျှပ်စစ်မီးအိမ်တိုင်းစေ့ရရှိရမည်။

၃။ကျေးရွာတွင်းလမ်းများ အဆင့်မြင့်ပြီးသွားလာရေးအဆင်ပြေရမည်။

၄။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိပြီး သီးနှံများအထွက်တိုးရမည်။

၅။ကျန်းမာရေးဆေးပေးခန်းရှိရမည်။

၆။အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူငယ်များကိုယ်ပိုင်လုပ်ငန်းကိုယ်စီရှိရမည်။

၇။မြစ်ကမ်းပါးဘေးရှိအိမ်များအန္တရာယ်ကင်းစွာနေနိုင်ရမည်။

၈။စိုက်ပျိုးစရိတ်နှင့်အရင်းအနှီးလွယ်ကူပြီးစီးပွားရေးပြေလည်ရမည်။

**အမျိုးသမီးများတင်ပြသော မျှော်မှန်းချက်များ**

၁။အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းဖြင့်သောက်သုံးရေဖူလုံရမည်။

၂။ကျေးရွာတွင်းလမ်းများ အဆင့်မြင့်ပြီးသွားလာရေးအဆင်ပြေရမည်။

၃။ကျေးလက်ဆေးပေးခန်းရှိရမည်။

၄။ကျန်းမားရေးအတွက်သွားလာရန် လူနာတင်ယာဉ်ရှိရမည်။

၅။အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူငယ်များကိုယ်ပိုင်လုပ်ငန်းကိုယ်စီရှိရမည်။

၆။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိပြီး သီးနှံများအထွက်တိုးရမည်။

၇။စိုက်ပျိုးစရိတ်နှင့် အရင်းအနှီးလွယ်ကူပြီးစီးပွားရေးပြေလည်ရမည်။

၈။မြစ်ကမ်းပါးဘေးရှိအိမ်များအန္တရာယ်ကင်းစွာနေနိုင်ရမည်။

**အမျိုးသားများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁။အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းသွယ်တန်းခြင်း

၂။လျှပ်စစ်မီးတိုင်နှင့်မီးကြိုးတိုးချဲ့သွယ်တန်းခြင်း

၃။ကျေးရွာတွင်းလမ်းများဂျင်းခင်းခြင်း

၄။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိရန်

၅။ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း

၆။အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်

၇။ရေကာတာတည်ဆောက်ခြင်း

၈။အသေးစားငွေစုငွေချေးလုပ်ငန်း

**အမျိုးသမီးများတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းများ**

၁။အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းသွယ်တန်းခြင်း

၂။ကျေးရွာတွင်းလမ်းများဂျင်းလမ်းခင်းခြင်း

၃။ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

၄။ကျန်းမားရေးအတွက်သွားလာရန် လူနာတင်ယာဉ်

၅။အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်

၆။စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များရရှိရန်

၇။အသေးစားငွေစုငွေချေးလုပ်ငန်း

၈။ရေကာတာတည်ဆောက်ခြင်း

**အောင်ချမ်းသာကျေးရွာအမျိုးသားအမျိုးသမီးများဦးစားပေးရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

၁။ရေမီတာဖြင့် အိမ်တိုင်ရာရောက်သောက်သုံးရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ရေစင်တည်ဆောက်ခြင်း

၂။ကျေးရွာတွင်းလမ်းများ ဂျင်းခင်းခြင်း

၃။ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

၄။လျှပ်စစ်မီးကြိုးနှင့်မီးတိုင်တိုးချဲ့သွယ်တန်းခြင်း

**ကျေးရွာမျှော်မှန်းချက်မှရရှိလာသောအကျိုးရလဒ်များ**

| | |
|---|---|
| ကျေးရွာ၏ မျှော်မှန်း ချက် | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးစီးပွားရေး၊လူမှုရေး၊ပညာရေး၊ကျန်းမာရေးများတိုးတက်ကောင်းမွန်လာရမည်။လျှပ်စစ်မီးရရှိပြီးအချိန်မရွေးသွားလာနိုင်ကာ၊စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းမှု အသက် မွေးဂမ်းကျောင်း နည်းပညာများကို အချိန်နှင့်တပြေးညီသိရှိနိုင်လာရမည်။ |
| အနာဂတ်တွင် ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ကျေးရွာသားများ၏ မျှော်မှန်းထားရှိမှု | လူထုဗဟိုပြုစီမံကိန်းမှတိုက်ရိုက်ထောက်ပံ့ငွေကိုအသုံးချပြီးသဘာဂဗေး၊ပညာရေး၊ရွာတွင်းလမ်းများကောင်းမွန်လာစေရန်နှင့်လျှပ်စစ်မီးများရရှိလာလျှင်အလင်းရောင်ရရှိလာမည်ဖြစ်သည်။ကျေးရွာတွင်း ရှိ လူငယ်များ လမ်းမှားမရောက်စေရန် အတွက် ကျေးရွာစာကြည့်တိုက်တစ်ခုရှိချင်ပါသည်။အကောင်ထည်မဖော်နိုင်သောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနဲ့ချိတ်ဆက်လုပ်ကိုင်မှုများ ပြုလုပ်မည်။မြို့နယ် အတွင်းသို့ အစိုးရမဟုတ်သောအဖွဲ့အစည်းများဝင်ရောက်မှုများရှိပါက ကျေးရွာလိုအပ်ချက်များကို တင်ပြ၍အကူအညီတောင်းခံများပြုလုပ်မည်ဖြစ်ပါသည်။ |

**လုပ်ဆောင်မှုများ**

ကျေးရွာအတွင်းရှိ  စီမံကိန်းလုပ်ငန်းခွဲများအတွက် အဓိက ဦးစားပေး ပြဿနာများ ဖော်ထုတ်ရာတွင် အမျိုးသားများ၊အမျိုးသမီး များ တင်ပြလာသော အခက်အခဲများကို စုပေါင်း၍ ဦးစားပေးလုပ်ငန်းအဖြင့် အဆင့်သတ်မှတ်၍ကျေးရွာလူထု၏သဘောတူညီဖြင့်လုပ်ငန်းများကိုဦးစားပေးရွေးချယ်ပါသည်။အမျိုးသားများတင်ပြလာသောပြဿနာများနှင့်အမျိုးသမီးများတင်ပြလာသောပြဿနာများကိုပေါင်း၍ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပါသည်။

**အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ**

**၁။အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းပထမနှစ်အတွက်ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အမျိုးသမီးများ အချိုးညီစွာပါဝင်ရန်ကျေးရွာတာဝန်ရှိသူများနှင့်အုပ်ချုပ်ရေးမှူးထံသို့ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်အမျိုးသမီးများပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောကြားနိုင်ကြောင်းကိုလည်းအသိပေးထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများတင်ပြတောင်းဆိုသောလုပ်ငန်းတခုပါဝင်မည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကောင်အထည်ဖော်ဆောင်ရွက်သောလုပ်ငန်းဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်ခလစာများရှိမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်းတွင်အမျိုးသမီး/သားခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုလည်းပြောကြားမှုပြုလုပ်ခဲ့သည်။အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်အမျိုးသမီးများ(၅၀%)ပါဝင်ရမည်ဖြစ်သည်။ဆပ်ကော်မတီတခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီဝင်အမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းများပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။ဒုတိယအကြိမ်အစည်းအဝေးများတွင်အမျိုးသမီးများသည်လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့ပြီးအခက်အခဲများဖော်ထုတ်ခြင်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကျွာအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

ကျေးရွာ/ကျေးရွာအုပ်စုအမည်-အောင်ချမ်းသာကျေးရွာ/ပရိမ္မကျေးရွာအုပ်စု

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁။ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မ ရေးရာအခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂။ | စီမံကိန်းပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက်(၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃။ | အစည်းအဝေးခေါ်ယူရာတွင်အမျိုးသား/သမီးများ အချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုးရှိခဲ့ပါသလား။ | √ | | |
| ၄။ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ ပါသလား။ | √ | | |
| ၅။ | ဆပ်ကော်မတီဖွဲ့များ ဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့် ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး ဦးဆောင်နိုင်ရေးအတွက် တွန်းအားပေးကူညီဆောက်ရွက်ခဲ့ပါသလား။ | √ | | |
| ၆။ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့် နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောက်ရွက်ခြင်းများတို့ကို လုပ်ဆောင်ခဲ့ပါသလား | √ | | |
| ၇။ | လူနည်းစု၊ဆင်း၊နွမ်းပါး၊ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များ က ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉။ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/အမျိုးသမီးများနှင့် ကြုံတွေ့နေရ သောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀။ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် | √ | | |

| | | | | |
|---|---|---|---|---|
| | အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှု မျိုးများဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | | | |
| ၁၁။ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေး ဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂။ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀:၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃။ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄။ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးသည့် လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅။ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆။ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/ နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈။ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များ အားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။ | √ | | |

ဂု။ကော်မတီဝင်များ ရွေးချယ်ခြင်းဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုမှတ်တမ်းဓါတ်ပုံများ






ပြုစုသူ

ဒေါ်ခင်စုနိုင် (လူထုစည်းရုံးရေးမှူး)

**၈။ကျေးရွာ စီမံကိန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းပုံ နှင့် ကော်မတီဝင်မျာ**




**<u>အောင်ချမ်းသာ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များစာရင်း</u>**

**<u>စေတနာ့ ဝန်ထမ်း</u>**

အဖွဲ့ဝင် = ဦးမင်းမင်းဦး (09-784956213)
အဖွဲ့ဝင် = ဒေါ်မိုးကြူ (09-792215209)

**<u>စီမံကိန်း အထောက်အကူပြုကော်မတီ</u>**

ဥက္ကဌ = ဦးသန်းမင်း (09- 798840954)

အဖွဲ့ဝင် = ဒေါ်ယဉ်မိုး

အဖွဲ့ဝင် = ဦးကြည်သောင်း

အဖွဲ့ဝင် =မဂါဂါမြင့် (09-457897885)

**<u>ကျေးရွာစာရင်းကိုင်</u>** = ဦးဇင်အောင်

**ဂယ်ပယူရေး ကော်မတီ**

ခေါင်းဆောင် = ဦးဇော်တိုး

အဖွဲ့ဝင် = ဦးသိန်းဇော်လင်း(09-780919726)

အဖွဲ့ဝင် = ဒေါ်မြင့်မြင့်ဌေး

**လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေး ကော်မတီ**

ခေါင်းဆောင် = ဒေါ်စန်းနွယ်

အဖွဲ့ဝင် = ဦးလှမြင့်

အဖွဲ့ဝင် = ဒေါ်မိုးမိုးအေး

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

ခေါင်းဆောင် = ဒေါ်ဥမ္မာလှိုင်

အဖွဲ့ဝင် = ဒေါ်စန်းယု

အဖွဲ့ဝင် = ဦးလှကြည်

**ငွေဖန်အကြံပြုတိုင်ကြားရေး တာဝန်ခံ**

အဖွဲ့ဝင် = ဦးသန်းမြင့် (09-963421126)

အဖွဲ့ဝင် = ဒေါ်အေးသက်မာ

အဖွဲ့ဝင် =ဒေါ်မြင့်ဌေး(09-785714122)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးစိုးမြင့် | | ၀၉-၇၈၉၂၇၉၈၆၄ | | ဒေါ်ခင်စုနိုင် |
| ပြည်နယ်/တိုင်းဒေသကြီး စစ်ကိုင်း | မြို့နယ် ဖမြာင် | ကျေးရွာအုပ်စု ပဂိုမ္ဗ | ကျေးရွာ အောင်ချမ်းသာ | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၂၂ | ဘာသာ (၁) ဗုဒ္ဓ | ၁၂၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ -------------- | | ဘာသာရေ ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၂၃၈ | ၃၀၆ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၉၂ | ၃၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အ[illegible]တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| [illegible]တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ဂျင်းကျောက်ချောလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ✓ ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၁၀၀၄ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ✓ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန် ၁၀မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်✓/လှည်း/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---- ချောင်းတွင်း မြစ် ရေကြီး ခြင်း

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ပက်မြှုံဖာ အဖွဲ့ အစည်း

(၂) ----------------------

(ည) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးစိုးမြင့် | | |
| | လက်မှတ် [signature] | နေ့စွဲ | ၂၂.၁၂.၁၆ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ခင်နိုင် | | |
| | လက်မှတ် [signature] | နေ့စွဲ | ၂၂.၁၂.၁၆ |

## ပုံစံ - စ -၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | |
|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ဇူနိုင် | | | | |
| နေ့စွဲ 22.12.16 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ရေဦး | ကျေးရွာအုပ်စု ပါရီမွ | ကျေးရွာ အောင်ချမ်းသာ | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 22.12.16 | 22.12.16 | 39 | 64 | 103 | ဗမာ \| 103 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 23.12.16 | 23.12.16 | 37 | 48 | 85 | ဗမာ \| 85 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 2.1.17 | 2.1.17 | ၁၃ | ၁၆ | 29 | ဗမာ \| 29 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 13.2.17 | 13.2.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 16.2.17 | 16.2.17 | 37 | 58 | 95 | ဗမာ \| 95 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.3.17 | 16.3.17 | 30 | 69 | 99 | ဗမာ 99 |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | 16.3.17 | 16.3.17 | 30 | 69 | 99 | ဗမာ \| 99 |

122

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 16.3.17 | 16.3.17 | 30 | 69 | 99 | [illegible] | 99 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 16.3.17 | 16.3.17 | [illegible] | 10 | 19 | [illegible] | 19 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 16.3.17 | 16.3.17 | 30 | 69 | 99 | [illegible] | 99 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်စုနိုင် | |
| နေ့စွဲ 23.12.2016 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း ; မြောင် မြို့နယ် | ကျေးရွာအုပ်စု ပက်ရွှ ; ကျေးရွာ အောင်ချမ်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သောက်သုံးရေဖူလုံစွာမရှိသည့် အခက်အခဲ | ၁ | သောက်သုံးရေ အလုံအလောက် မရရှိမှု |
| ၂ | လျှပ်စစ်မီး အိမ်တိုင်းဆီ မရှိသည့် အခက်အခဲ | ၂ | ရွာတွင်းလမ်း မကောင်းခြင်း |
| ၃ | ရွာတွင်းလမ်းများ သွားလာရေး အဆင်မပြေခြင်း | ၃ | ကျေးလက်ဆေးပေးခန်း မရှိခြင်း |
| ၄ | စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း | ၄ | ကျန်းမာရေးအတွက် သွားလာရန် ခက်ခဲခြင်း |
| ၅ | ကျေးလက်ဆေးပေးခန်း မရှိခြင်း | ၅ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အိမ်တိုင်ရာရောက် သောက်သုံးရေပိုက်လိုင်းဖြင့် သောက်သုံးရေ ဖူလုံရမည်။ | ၁ | အိမ်တိုင်ရာရောက် သောက်သုံးရေပိုက်လိုင်းဖြင့် ဖူလုံရမည်။ |
| ၂ | လျှပ်စစ်မီး အိမ်တိုင်းဆီ ရရှိမည်။ | ၂ | ကျေးရွာတွင်းလမ်းများ အဆင်ပြေပြီး သွားလာရေး အဆင်ပြေမည်။ |
| ၃ | ကျေးရွာတွင်းလမ်းများ အဆင်ပြေပြီး သွားလာရေး အဆင်ပြေမည်။ | ၃ | ကျေးလက်ဆေးပေးခန်း ရှိမည်။ |
| ၄ | စိုက်ပျိုးရေး နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ရရှိပြီး သီးနှံများ အထွက်တိုးမည်။ | ၄ | ကျန်းမာရေးအတွက် သွားလာရန် လူနာတင်ယာဉ် ရှိမည်။ |
| ၅ | ကျန်းမာရေး ဆေးပေးခန်း ရှိမည်။ | ၅ | အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး လူငယ်များ လုပ်ငန်းကိုယ်စီ ရှိမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အိမ်တိုင်ရာရောက် သောက်သုံးရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေလှောင်ကန်ဆောက်ခြင်း | ကျား + မ | ၁၆၃၂၀၀၀၀ | ၅၄၈ (မြစ်ရေတင်စီမံကိန်း) |
| ၂ | ကျေးရွာတွင်း ကျောက်လမ်းခင်းခြင်း | ကျား + မ | ၁၇၀၀၀၀၀၀ | ၅၄၇ |
| ၃ | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ကျား + မ | ၆၀၀၀၀၀၀ | ၅၄၇ |
| ၄ | လျှပ်စစ်မီးတိုင်နှင့် မီးကြိုးတိုးချဲ့ သွယ်တန်းခြင်း | ကျား + မ | ၁၀၀၀၀၀၀၀ | ၅၄၇ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လူနာတင်ယာဉ် | မ | ကျန်းမာရေး |
| ၂ | စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်း မျိုးသန့် များ ရရှိရန် | ကျား + မ | စိုက်ပျိုးရေးကဏ္ဍ |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် | ကျား + မ | အသက်မွေးဝမ်းကျောင်းကဏ္ဍ |
| ၄ | အသေးစား ငွေစုငွေချေးလုပ်ငန်း | ကျား + မ | 〃 |
| ၅ | ရေကာတာ တည်ဆောက်ခြင်း | ကျား + မ | စိုက်ပျိုးရေးကဏ္ဍ |

- ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းဇင် / ဒေါ်ယဉ်မိုး လက်မှတ် [illegible] / [illegible] နေ့စွဲ 23.12.16

အခက်အခဲ အတားအဆီးများ

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| ၁ | အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း | ၁ | စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရ ခက်ခဲခြင်း |
| ၂ | မြစ်ကမ်းပါးဘေးကြောင့်အိမ်များအန္တရာယ်ကျခြင်း | ၂ | စိုက်ပျိုးစရိတ်နှင့် ငွေရင်းရှာရ ခက်ခဲခြင်း |
| ၃ | စိုက်ပျိုးစရိတ်နှင့် ငွေရင်းရှာရခက်ခဲခြင်း | ၃ | မြစ်ကမ်းပါး ဘေးကြောင့် အိမ်များ အန္တရာယ်ကျခြင်း |
| | | | |

ဖြေရှင်းချက်

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းများ ရှိပြီး လူငယ်များ ကိုယ်ပိုင်လုပ်ငန်း ကိုယ်စီ ရှိရမည်။ | ၁ | စိုက်ပျိုးရေးနည်းပညာ နှင့် မျိုးကောင်း မျိုးသန့်များ ရရှိပြီး သီးနှံအထွက်တိုးရမည်။ |
| ၂ | မြစ်ကမ်းပါးဘေးကြောင့် အိမ်များ အန္တရာယ်ကင်းစွာ နေနိုင်ရမည်။ | ၂ | စိုက်ပျိုးစရိတ်နှင့် အရင်းအနှီး လွယ်ကူပြီး စီးပွားရေး ပြေလည်ရမည်။ |
| ၃ | စိုက်ပျိုးစရိတ်နှင့် အရင်းအနှီးလွယ်ကူပြီး စီးပွားရေး ပြေလည်ရမည်။ | ၃ | မြစ်ကမ်းပါးဘေးကြောင့် အိမ်များ အန္တရာယ်ကင်းစွာ နေနိုင်ရမည်။ |
| | | | |

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်၊* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် (လူမှုဖွံ့ဖြိုးရေးအဖွဲ့မှူး) - ဒေါ်အိဖြိုးဇေ | | | |
| နေ့စွဲ - ၃.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - ဧရာဝတီ | မြို့နယ် - ပြောင် | ကျေးရွာအုပ်စု - ပရိမ္ဗ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ပရိမ္ဗ | (ဘ.မ.က) ကျောင်း အုတ်ဝင်းတိုင်း ကာရံခြင်း | ၁၁၁၅' | ၃၅၉၂ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၀၀၀၀၀၀၀ | | - | | ၂၀၀၀၀၀၀၀ |
| အောင်ချမ်းသာ | အုတ်ခင်းတိုင်း ရာကျောက် ရေပိုက်ကန့်လန့် သွယ်တန်း ခြင်းနှင့် ကျောက်တာသွပ် အောက်ခြင်း (ဖြစ်ရေတင်စီမံကိန်း) | ၁၀၃၃၈' | ၆၄၇ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၉၃၂၀၀၀၀ | | - | | ၁၉၃၂၀၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | - | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | - | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | - | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် လက်မှတ် ရက်စွဲ

ဦးမြင့်ဇော်    [signature]    ၃.၁.၂၀၁၇

ဒေါ်ပသည်ယသိုး    [signature]

**စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်**

**ပထမကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

ကျေးရွာ ။ ။ အောင်ချမ်းသာကျေးရွာ

ကျေးရွာအုပ်စု ။ ။ ပရိမ္မကျေးရွာအုပ်စု

ရက်စွဲ ။ ။၂၂.၁၂.၂၀၁၆

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ ဆုတောင်းပြည့်ဘုရားဓမ္မာရုံ

အကြောင်းအရာ။ ။ ဒုတိယနှစ်စက်ဝန်း ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း

အစည်းအဝေးတက်ရောက်သူများ။ ။အမျိုးသား(၃၉)၊အမျိုးသမီး(၆၄)၊စုစုပေါင်း (၁၀၃)ဦး

**<u>ဆွေးနွေးချက်များ</u>**

စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်၊ပရိမ္မကျေးရွာအုပ်စု၊အောင်ချမ်းသာကျေးရွာ ဆုတောင်းပြည့်ဘုရားဓမ္မာရုံတွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စီမံကိန်းစက်ဝန်း ပထမအကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေးတွင် လက်ထောက်နည်းပညာမှူး ဒေါ်အိဖြိုးဝေမှ စတင်မိတ်ဆက်ခြင်း၊ ဒုတိယနှစ် စီမံကိန်းစက်ဝန်း ပြန်လည်စတင်ပြီဖြစ်ကြောင်း၊ ပထမနှစ်မှ တာဝန်ထမ်းဆောင်ခဲ့သော လူထုစည်းရုံးရေးမှူ ဆရာမဒေါ်ထက်ထက်ဝေအစာ ဆရာမ ဒေါ်ခင်စုနိုင် မှ ဆက်လက်တာဝန်ထမ်း ဆောင်မည်ဖြစ်ကြောင်းပြောကြားခြင်း၊ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ခင်စုနိုင်မှ မိတ်ဆက်ခြင်း၊ မအားသည့် ကြားမှ အစည်းအဝေးတက်ရောက်ပေးသော ကျေးရွာလူထုအား ကျေးဇူးတင်ကြောင်း၊ လူထုဗဟိုပြုစီမံကိန်းဖြစ်သည့် အတွက်ကျေးရွာလူထုမှ ယခုကဲ့သို့ ပူးပေါင်းပါဝင်ပေးရန်လိုအပ်ကြောင်း၊ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ဆောင်ရာတွင်လည်း ကျေးရွာလူထုမှ ပူးပေါင်းပါဝင်၍ ကူညီပေးစေချင်ကြောင်း ပြောကြားခြင်း၊ ဆက်လက်၍ လူထုဗဟိုပြု စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း အကြောင်းရှင်းပြခြင်း၊ အဓိကတာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများ အကြောင်းကို စာရွက်ကြီးများနှင့် တကွရှင်းပြခြင်း၊ စေတနာ့ဝန်ထမ်းနှင့် စီမံကိန်း အထောက်အကူပြုကော်မတီကို

ကျေးရွာလူထုသဘောဆန္ဒအရ တခါတည်း ပြန်လည်ဖွဲ့စည်းခြင်း၊ ထို့နောက် လူမှုဆန်းစစ်ခြင်း၊ PRA လုပ်ငန်းစဉ် (၆)ခုကို ကျေးရွာလူထုနှင့် အတူ ပြန်လည်သုံးသပ်ဖြည့်စွက်ခြင်းများ ပြုလုပ်ခြင်း၊ မနက်ဖြန် ဒုတိယအကြိမ် ပြုလုပ်၍ရနိုင်မရနိုင်၊ ကျေးရွာလူထုမှ အစည်းအဝေးတက်ရောက်နိုင်ပါသလားဟုမေး မြန်းဆွေးနွေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ရွေးချယ်မည့် အစည်းအဝေးဖြစ်သောကြောင့် ကျေးရွာလူထုမှ ယခုထက်ပို၍ တက်ရောက်ပေးရန်လိုအပ်ကြောင်း ပြောကြားဆွေးနွေးခြင်း၊

သဘောတူဆုံးဖြတ်ခြင်း

စေတနာ့ဝန်ထမ်းနှင့် ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (၁၇) ဦးကို ကျေးရွာလူထု၏ သဘောဆန္ဒအရ ပြန်လည်ရွေးချယ်ခြင်း၊ ပထမနစ် ကော်မတီဝင် အနည်းစုသည် ကျန်းမာရေး ၊ လူမှုရေးကိစ္စများကြောင့် နုတ်ထွက်မှုများရှိခြင်း၊ လူမှုဆန်းစစ်ခြင်း PRA လုပ်ငန်းစဉ် (၆) ခုကို ကျေးရွာလူထုနှင့် အတူ ပြန်လည်သုံးသပ် ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ခြင်း၊ မနက်ဖြန် ဒုတိယအကြိမ် အစည်းအဝေး တွင် လည်း ကျေးရွာလူထုမှ စုံညီစွာ တက်ရောက်ပေးပါမည်ဟု သဘောတူဆုံးဖြတ်ခြင်း များပြုလုပ်၍ အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးသန်မင်း | ဦးစိုးမြင့် |
| စီထောက်ဥက္ကဌ | ရွာခွဲခေါင်းဆောင် |

## စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ်

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ။ ။ အောင်ချမ်းသာကျေးရွာ

ကျေးရွာအုပ်စု။ ။ ပရိမ္မကျေးရွာအုပ်စု

ရက်စွဲ ။ ။၂၃.၁၂.၂၀၁၆

အစည်းအဝေးပြုလုပ်သည့်နေရာ။ ။ ဆုတောင်းပြည့်ဘုရားဓမ္မာရုံ

အကြောင်းအရာ။ ။ဒုတိယနှစ်စီမံကိန်း ဒုတိယအကြိမ်အစည်းအဝေး ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူများ။ ။ကျေးရွာသား(၃၇)၊ကျေးရွာသူ(၄၈)၊စုစုပေါင်း(၈၅)

**ဆွေးနွေးချက်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ပရိမ္မကျေးရွာအုပ်စု ၊အောင်ချမ်းသာ ကျေးရွာရှိ ဆုတောင်းပြည့်ဘုရားဓမ္မာရုံတွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှဦးဆောင်အကောင်အထည် ဖော်ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စီမံကိန်း စက်ဝန်း ဒုတိယအကြိမ် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေးအစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး ဒေါ်ခင်စုနိုင်မှ စတင်၍ ပြောကြားဆွေးနွေးခြင်း၊ ကျေးရွာလူထုမှ မိမိတို့ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို တင်ပြဆွေးနွေးပေးရန်လိုအပ်ကြောင်းပြောကြားဆွေးနွေးခြင်း၊ မိမိတို့ကျေးရွာလူထုမှ ကြုံတွေ့နေရသော အခက်အခဲပြဿနာများ၊ ၎င်းအခက်အခဲ ပြဿနာများကြောင့် ရလဒ်အကျိုးဆက်များ၊ မိမိတို့ကျေးရွာလူထုမှ ကျေးရွာလူထုမှ ကျေးရွာအပေါ်ထားရှိတဲ့ မျှော်လင့်ချက်၊ မျှော်မှန်းချက်များ၊ ကြုံတွေ့နေရသော အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပေးရန်လိုအပ်ကြောင်းပြောကြားခြင်း၊ ထို့နောက် လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် (၆) ခုကို ကျေးရွာလူထုနှင့် အတူပြန်လည်သုံးသပ်ခြင်း၊ ထို့နောက် အမျိုးသား အမျိုးသမီး များ အဖွဲ့ခွဲ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆွေးနွေးခြင်း၊ ထို့နောက် အမျိုးသား အမျိုးသမီး များမှ တင်ပြလာသော လုပ်ငန်းစဉ်များ

ပြန်လည်ပေါင်း စည်း၍ လက်ထောက်နည်းပညာမှူး ဒေါ်အိဖြိုးဝေမှ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲ နှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲ များအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ထို့နောက်ဦးစားပေး လုပ်ငန်းစဉ်များကို မဲစနစ်ဖြင့် ရွေးချယ်ဆုံးဖြတ်ခြင်း၊ ထို့နောက် မြို့နယ်သို့ တင်ပြမည့် စီမံကိန်း သဘော တရားများအကြောင်းကို ရှင်းလင်းဆွေးနွေးခြင်း၊

**သဘောတူဆုံးဖြတ်ချက်များ**

အမျိုးသား အမျိုးသမီး ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ မှ ဦးစားပေးလုပ်ငန်းစဉ် (၅)ခုထွက် လာခြင်း၊ အုပ်စုအစည်းအဝေးမှ တဆင့် မြို့နယ်သို့တင်ပြပေးမည်ဖြစ်ပြီး မြို့နယ်မှ အတည်ပြုသည့် လုပ်ငန်းခွဲကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခြင်း၊ ကျေးရွာလူထုမှ သဘောတူဆုံးဖြတ်ခြင်း၊ ဆက်လက်၍ လက်ထောက်နည်းပညာမှူး မှ ခန့်မှန်းကုန်ကျစရိတ် ကို ကော်မတီဝင်များနှင့် အကြမ်းဖျင်း တွက်ချက်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| ဦးမင်းမင်းဦး | ဦးစိုးမြင့် |
| စေတနာ့ဝန်ထမ်း | ရွာခွဲခေါင်းဆောင် |

## ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## အောင်ချမ်းသာကျေးရွာ၊ ပရိမ္မကျေးရွာအုပ်စု ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ

| | | လုပ်ငန်းများ | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ရန်လျာထားခြင်း |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | အိမ်တိုင်ရာရောက်ရေပိုက်လိုင်း နှင့် ရေစင်တည်ဆောက်ခြင်း (မြစ်ရေတင်စီမံကိန်း) | ကျားမ | ၁၂/၂၀၁၆ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ကျေးရွာတွင်းလမ်းများ ဂျင်းလမ်းခင်းခြင်း | ကျားမ | ၁၂/၂၀၁၆ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ရေကာတာတည်ဆောက်ခြင်း | ကျားမ | ၁၂/၂၀၁၆ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | | | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | လူနာတင်ကား | □ | ၁၂/၂၀၁၆ | ကော်မတီ/ ကျေးရွာလူထု | |
| | ၂ | ကျေးလက်ကျန်းမာရေးဆေးခန်း တည်ဆောက်ခြင်း | ကျားမ | ၁၂/၂၀၁၆ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | | | | | |
| အသက်မွေးဝမ်းကြောင်း | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| အခြား | ၁ | လျှပ်စစ်မီး လမ်းမီးတိုင်နှင့် မီးကြိုးတိုးချဲ့သွယ်တန်းခြင်း | ကျား | ၂၀၁၆-၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အသေးစားငွေစုငွေချေးလုပ်ငန်း ( စိုက်ပျိုးစရိတ်အတွက် အရင်းအနှီး) | ကျားမ | ၂၀၁၆-၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | |
| | ၃ | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရန် | ကျားမ | ၂၀၁၆-၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | |
| | ၄ | အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် | ကျားမ | ၂၀၁၆-၂၀၁၇ | ကော်မတီ/ ကျေးရွာလူထု | |

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)

**VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်-

ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့များ)

- အလွန်ကောင်း
- ကောင်း
- ညံ့

- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေးအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-
  - ၊

PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်
(အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-